## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၂)

## ဥပဒေကြောင်းအရ တိုက်ပွဲသည်လည်း အရေးကြီးပါသည်

### ဆိုလိုရင်းအနှစ်ချုပ်

ဥပဒေကြောင်းအရ ရင်ဆိုင်တိုက်ပွဲဝင်ခြင်းဆိုတာကို တရားရုံးရှေ့မှောက် ကြားနာစီရင်ချက် မချခင် ကိုယ့်ရဲ့အရေးကို ဆိုခွင့်ရှိတာ၊ အဲဒီ အရေးဆိုခွင့်ကို တိုက်ပွဲနည်းနာတခုအဖြစ် အသုံးချတာကို ရည်ညွှန်းလိုပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတဲ့ နှုန်းစံတန်ဖိုးနဲ့ တွဲစပ်ဖွင့်ဆိုမယ်ဆိုရင် တရားရုံးပြင်ကနား တက်ပိုင်ခွင့်ဆိုတာ လူတဦးချင်းရဲ့ အခွင့်အရေးဖြစ်ပြီး ဒါကို တရားရုံးက မျှတမှုရှိစွာ ကြားနာစီရင်ချက်ချဖို့ တိုက်ပွဲဝင်တာပါပဲ (Francioni, 2007)။ ဖိနှိပ်တဲ့စနစ်အောက်မှာ ဒီလိုအခြေနေမျိုးဟာ မဖြစ်နိုင်ပါဘူး။ စစ်အုပ်ချုပ်ရေးအောက် စစ်ခုံရုံးနဲ့ အကျဉ်းရုံးစီရင်ခံရတဲ့ အခြေအနေမျိုးမှာဆိုရင် တရားရုံးရှေ့မှောက် အရေးဆိုခွင့်၊ ကြားနာခံရပိုင်ခွင့်တောင် မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ၊ ဖိနှိပ်မှုအောက်မှာ ဥပဒေကြောင်းအရ တိုက်ပွဲဆင်ဖို့လိုသလားဆိုတဲ့ မေးခွန်းက အရေးပါပါတယ်။

အခု မြန်မာနိုင်ငံမှာဖြစ်တဲ့ စစ်အာဏာသိမ်းမှုဟာ တရားမဝင်လုပ်ရပ်ဖြစ်တယ်၊ အာဏာသိမ်းပြီး တက်လာတဲ့အစိုးရကို အသိအမှတ်ပြုဖို့မလိုဘူး၊ တခါ အာဏာသိမ်း စစ်ကောင်စီအောက်က တရားရုံးတွေကို အသိအမှတ်ပြုစရာ မလိုဘူးဆိုတဲ့ အယူအဆကို အားနဲ့အင်နဲ့ ခံယူမှုမျိုးရှိပါတယ်။ ဒီလိုခံယူချက်ကြောင့်ပဲ ဥပဒေကြောင်းအရ ဘယ်လို လှုပ်ရှားဆောင်ရွက်မှုမျိုးမှ လုပ်စရာမလိုဘူးဆိုတဲ့ သဘောထားမျိုးတွေ ပေါ်ထွက်လာပါတယ်။ လူ့အခွင့်အရေးသုတေသီတွေကတော့ ဥပဒေကြောင်းအရ တိုက်ပွဲဝင်ခြင်းအားဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုသတင်းတွေ စုဆောင်းဖို့၊ ဖြန့်ချိဖို့အတွက် အထောက်အကူဖြစ်တာကြောင့် အထူးအရေးတကြီးလိုအပ်တယ်လို့ ဆိုပါတယ်။ လူ့အခွင့်အရေး ချိုးဖောက်ခံရတဲ့ နစ်နာရသူတွေအတွက် နောက်ပိုင်းမှာ ပံ့ပိုးကူညီပေးဖို့ အထောက်အကူဖြစ်စေပါတယ်။ ပြစ်မှုကျူးလွန်တယ်လို့ စွပ်စွဲခံရသူတွေအပေါ် တာဝန်ယူ တာဝန်ခံမှု ရှိစေရေး၊ အမှန်တကယ်အားဖြင့် ပြစ်မှုကျူးလွန်ထားသူတွေ အပြစ်ပေးခံရခြင်းမရှိဘဲ ကင်းလွတ်ခွင့်ရှိနေတဲ့ အခြေအနေ အဆုံးသတ်စေရေး လှုပ်ရှားမှုတွေအတွက် အကျိုးဖြစ်ထွန်းစေပါတယ်။ တခါ အာဏာကို ကိုင်စွဲထားသူတွေ လက်လွတ်စပယ် မလုပ်နိုင်အောင်လည်း အထောက်အကူ ဖြစ်စေပါတယ်။ နောက်ဆုံး ဒီလို ဥပဒေကြောင်းအရ တိုက်ပွဲဝင်ခြင်း ဆောင်ရွက်မှုအားလုံးဟာ ‘ငြိမ်းချမ်းစွာဆောင်ရွက်တဲ့ လှုပ်ရှားမှု’သာ ဖြစ်လို့ အရေးကြီးတယ်၊ လိုအပ်တယ်လို့ ထောက်ပြကြပါတယ်။


စစ်အာဏာသိမ်းပြီးနောက်ပိုင်း အာဏာသိမ်း စစ်ကောင်စီဟာ ဥပဒေတွေကို စိတ်ကြိုက်ပြင်ဆင်ပြီး ယခင် စစ်အစိုးရများနည်းတူ နိုင်ငံရေးအရ အရေးဆိုမှုတွေအပေါ် နှိပ်ကွပ်ဖို့ ပြင်ဆင်ခဲ့ပါတယ်။ ဒီအထဲမှာ နိုင်ငံသားအခွင့်အရေးကို ကာကွယ်ပေးတဲ့ ဥပဒေကို ဆိုင်းငံ့လိုက်တာ၊ ရပ်ကျေးဥပဒေအပါအဝင် ရာဇသတ်ကြီး ဥပဒေပုဒ်မတွေကို ဖွင့်ဆိုချက်အရရော၊ ပြစ်မှုပြစ်ဒဏ်ကိုပါ တိုးပြီး စိတ်ကြိုက်ပြင်ဆင်လိုက်တဲ့ ကိစ္စရပ်တွေလည်း ပါခဲ့ပါတယ်။ အဲဒီလို ပြင်ဆင်မှုတွေ လုပ်ပြီးတဲ့နောက် ဆန္ဒထုတ်ဖော်မှုတွေကို အကြမ်းဖက် အင်အားသုံး ပစ်ခတ်ဖြိုခွင်းတာတွေ လုပ်ခဲ့သလို၊ အာဏာသိမ်းတဲ့နေ့ကစပြီး လက်ရှိအချိန်အထိလည်း ဖမ်းဆီးမှုတွေ လုပ်ခဲ့ပါတယ်။ ဖမ်းဆီးမှုတွေနဲ့အတူ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ကျူးလွန်တဲ့ လူ့အခွင့်အရေးနဲ့ လူ့ဂုဏ်သိက္ခာ ချိုးဖောက်ခံရခြင်းများစွာ ဖြစ်ခဲ့တာကိုလည်း ပြည်သူတွေက ရယူထားတဲ့ မှတ်တမ်း၊ ဗီဒီယိုတွေမှာ အထင်အရှား တွေ့ခဲ့ရပါတယ်။ ဖမ်းထားတဲ့သူတွေထဲက တချို့ကို ပြန်လွှတ်ပေးခဲ့တယ်ဆိုပေမဲ့ လက်ရှိအချိန်အထိ ဖမ်းဆီးအမှုဖွင့်ခံရသူက ၃၀၀၀ နီးပါး ရှိလာပါပြီ။ ဒီအထဲမှာ အကြောင်းပြချက် တစုံတရာမရှိဘဲ အဖမ်းခံရသူတွေ ရှိသလို၊ ဖမ်းပြီးတဲ့နောက် ဘယ်နေရာမှာရှိနေလဲဆိုတာ မသိရသူတွေလည်း ရှိနေပါတယ်။ ဒီအခါ မတရားဖမ်းဆီးခံရသူတွေ၊ လူ့အခွင့်အရေးနဲ့ လူ့ဂုဏ်သိက္ခာ ချိုးဖောက်ခံရသူတွေအတွက် ဥပဒေကြောင်းအရ တိုက်ပွဲဝင်မှုက အရေးကြီးကိစ္စရပ်တခု ဖြစ်လာပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၂)

ဥပဒေကြောင်းအရ တိုက်ပွဲသည်လည်း အရေးကြီးပါသည်

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖမ်းဆီး၊ တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်ခံရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၂၄ ရက်အထိ)




စစ်အာဏာသိမ်းပြီးနောက်ပိုင်း မတ် ၂၄ ရက်အထိ ဖမ်းဆီး၊ တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်ခံရသူ စုစုပေါင်း ၂၉၀၆ ဦးကျော် ရှိခဲ့သည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း မတ် ၂၄ ရက်အထိ အမှုဖွင့်ခံထားရပြီး ဖမ်းဝရမ်းထုတ်ခံရသောကြောင့် တိမ်းရှောင်နေရသူ ၁၀၉ ဦးကျော်ရှိသည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း မတ် ၂၄ ရက်အထိ ထောင်ဒဏ် ချမှတ်ခံရသူ ၂၄ ဦးကျော် ရှိခဲ့သည်။

မှတ်ချက် - ကိန်းဂဏန်း အချက်အလက်များကို နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူဖော်ပြပါသည်။ ယခုဖော်ပြချက်တွင် ပါဝင်ခြင်းမရှိသေးဘဲ (အတည်မပြုနိုင်သေးသော အရေအတွက်များစွာ ရှိနိုင်သည့်အတွက်) ကျန်နေသည်များ ရှိနိုင်ပြီး ယခုဖော်ပြထားသော ကိန်းဂဏန်းထက် ပိုမိုများပြားနိုင်ကြောင်း သိစေအပ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၂)

## ဥပဒေကြောင်းအရ တိုက်ပွဲသည်လည်း အရေးကြီးပါသည်

### ဘာကြောင့်အလေးထားသင့်သလဲ

အခြေခံ လူ့အခွင့်အရေးတွေဟာ လူသားအားလုံးအတွက် အကျုံးဝင်တယ် (Universal) လို့ ကမ္ဘာ့ကုလသမဂ္ဂ (UN) အပါအဝင်၊ နိုင်ငံတကာအသိုက်အဝန်းက ခံယူထားကြပါတယ်။ လူတဦးချင်းနဲ့ လူနည်းစုတွေအတွက်သာမက လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတွေအပေါ်မှာလည်း ကာကွယ်ပေးရမယ်လို့ ခံယူထားပါတယ်။ ဒီလိုလုပ်ငန်းတွေကို ဥပဒေဘက်တော်သားတွေအပြင် သာမန်နိုင်ငံသား တဦးချင်းကပါ ဆောင်ရွက်နိုင်ကြပါတယ်။ မတရား ဖမ်းဆီးခံခဲ့ရသူတွေသာမက ကျန်ရစ်တဲ့ မိသားစု၊ လုပ်ဖော်ကိုင်ဖက်၊ ရပ်ရွာအသိုက်အမြုံ စတဲ့ လူ့အဖွဲ့အစည်း တခုလုံးအနေနဲ့လည်း စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးဆိုတဲ့ ကျယ်ပြန့်တဲ့ လူထုလှုပ်ရှားမှုကိုသာ တိုက်ပွဲအဖြစ် ရှုမြင်ရုံမကဘဲ ဥပဒေကြောင်းအရ ရပိုင်ခွင့်ဆိုတာကိုလည်း အဆင့်အလိုက်ဆင်နွှဲရမယ့်တိုက်ပွဲအဖြစ် ရှုမြင်ပြီး တိုက်ယူရမယ်၊ အာဏာနဲ့ အုပ်ချုပ်ရေးယန္တရားကို စိတ်ကြိုက်သုံးနေတဲ့ ဖိနှိပ်သူက ဒီအခွင့်အရေး ပေးတာ၊ မပေးတာထက် ဒီလိုတိုက်ယူမှုကို ကိုယ့်ရဲ့မွေးရာပါရပိုင်ခွင့်အဖြစ် ခံယူကျင့်သုံးအပ်တယ် ဆိုတာလည်း သတိချပ်စရာ ဖြစ်ပါတယ်။ ဒါတွေကြောင့် လူ့အခွင့်အရေး ရှုထောင့်၊ တရားဥပဒေစိုးမိုးရေး ရှုထောင့်နဲ့ အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှု ရှုထောင့် (Transitional Justice) တွေကနေ သုတေသနပြု ဖော်ထုတ်နိုင်ရေးဆိုတဲ့ဦးတည်ချက်အတွက်သာမက၊ဥပဒေကြောင်းအရတိုက်ပွဲဝင်ခြင်းကို လူထုလှုပ်ရှားမှုရဲ့ တိုက်ပွဲပုံစံတခုအဖြစ်ပါ အလေးထားသင့်ပါတယ်။

### မြန်မာနိုင်ငံနှင့် ဆီလျော်သလား

စစ်အာဏာသိမ်းမှုနောက်ပိုင်း အာဏာသိမ်းစစ်ကောင်စီဟာ နိုင်ငံရေးအရ အရေးဆိုလှုပ်ရှားမှုတွေကို ထိန်းချုပ်နိုင်ဖို့ ပြင်ဆင်ခဲ့ပါတယ်။ နိုင်ငံသားအခွင့်အရေး ဥပဒေတွေကို ဆိုင်းငံ့တာ၊ ရာဇသတ်ကြီးလို ဥပဒေတွေကို ထပ်ဖြည့်ပြီး ကြီးလေးတဲ့ ပြစ်မှုပြစ်ဒဏ်ပြောင်းလဲတာတွေ လုပ်ခဲ့ပါတယ်။ အဲဒီနောက် ဆန္ဒထုတ်ဖော်သူတွေကို အကြမ်းဖက်ဖြိုခွင်း ပစ်ခတ်ဖမ်းဆီးတာ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေစောင့်ထိန်းအပ်တဲ့ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းတွေနဲ့ ညီညွတ်မှုမရှိဘဲ ပြည်သူတွေကို ဖမ်းဆီးတာတွေအပြင် လူ့အခွင့်အရေးနဲ့ လူ့ဂုဏ်သိက္ခာ ချိုးဖောက်ခံရတာတွေ များစွာလည်း ဖြစ်ခဲ့ပါတယ်။ လက်ရှိအချိန်အထိ ဖမ်းဆီး၊ တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်ခံရသူ ၃၀၀၀ နီးပါး ရှိလာပါတယ်။ ဒီအခြေအနေတွေကြောင့်ပဲ ဥပဒေကြောင်းအရ တိုက်ပွဲဝင်ခြင်းကလည်း မြန်မာနိုင်ငံနဲ့ဆီလျော်တဲ့ကိစ္စဖြစ်လာပါတယ်။

သမိုင်းမှာလည်း ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရလက်ထက်မှာ နိုင်ငံရေးလှုပ်ရှားသူတွေကို (အထူးသဖြင့် လက်ဝဲနိုင်ငံရေး သမားတွေကိုကိုးကျွန်းပို့ပြီး တကျွန်းချတဲ့အထိ ပြင်းပြင်းထန်ထန် လုပ်ခဲ့ပါတယ်။ ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း နိုင်ငံရေးသမားအချို့ကို ဖမ်းဆီးတရားစွဲဆိုတာတွေ ရှိခဲ့ပေမဲ့ သိပ်မများခဲ့ပါဘူး။ ၁၉၆၃ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပျက်ပြားပြီး နောက်ပိုင်းမှသာ တက်ကြွလှုပ်ရှားသူ ကျောင်းသားတွေနဲ့ နိုင်ငံရေးသမားတွေကို ပို့ပြီး ဖမ်းဆီးနှိပ်ကွပ်ခဲ့ပါတယ်။ ၁၉၆၉ ခုနှစ်မှာ တော်လှန်ရေးစစ်ကောင်စီက ကိုကိုးကျွန်း အကျဉ်းထောင်ဆောက်ပြီး၊ နိုင်ငံရေးအကျဉ်းသားတွေကို ဒုတိယအကြိမ် ထပ်ပြီးပို့ဆောင်ခဲ့ပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၂)

## ဥပဒေကြောင်းအရ တိုက်ပွဲသည်လည်း အရေးကြီးပါသည်

နိုင်ငံရေးအကျဉ်းသား ၂၂၃ ဦးကို ကိုကိုးကျွန်း ပို့ခဲ့ပါတယ်။ တကျွန်းဖျက်သိမ်းရေး အစာငတ်ခံတိုက်ပွဲ၊ ၄၆ ရက်ကြာ တိုက်ပွဲတွေနဲ့ အသက်စွန့် တိုက်ပွဲဝင်ခဲ့ကြပြီးမှ အဲဒီစနစ် ပျက်သုဉ်းခဲ့ရတာ ဖြစ်ပါတယ်။ ၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆ ကျောင်းသား-အလုပ်သမား လှုပ်ရှားမှုတွေမှာလည်း နှိပ်ကွပ်ဖမ်းဆီးပြီး စစ်ခုံရုံးတွေနဲ့ အကျဉ်းရုံးစီရင်ပြီး ထောင်ချတာတွေ ရှိခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်မှာ ဆိုရှယ်လစ် တပါတီဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ခဲ့ပေမဲ့လည်း ရွေးကောက်ပွဲတွေ မကျင်းပရသေးတာကြောင့်၊ စစ်ခုံရုံးတွေနဲ့ အကျဉ်းရုံး ဆုံးဖြတ်စီရင်ခဲ့ပါတယ်။ နောက်ပိုင်းကာလတွေမှာတော့ တပါတီစနစ် ပြည်သူ့တရားရေးခုံရုံးတွေနဲ့ စီရင်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်၊ စစ်အာဏာသိမ်းမှုနောက်ပိုင်းမှာလည်း ဒီမိုကရေစီရေး တိုက်ပွဲဝင်ခဲ့တဲ့ လူငယ်ကျောင်းသားတွေနဲ့ နိုင်ငံရေးအကျဉ်းသား အများစုဟာ စစ်ခုံရုံးတွေမှာ ရင်ဆိုင်ခဲ့ကြရပါတယ်။ တရားမျှတမှု အကင်းမဲ့ဆုံးကာလတွေ ဖြစ်ခဲ့ပါတယ်။ အရပ်ဘက်ရှေ့နေတွေနဲ့ ကိုယ်စားပြုဖြေရှင်းခွင့်မရရှိကြဘဲ အကျဉ်းရုံး စစ်ခုံရုံးတွေကနေ နှစ်ရှည်ထောင်ဒဏ်တွေချမှတ်တာ ခံစားခဲ့ကြရပါတယ်။ ဒီအတိုင်းပဲ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေး အပြီးမှာလည်း နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခဲ့ပါတယ်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းကောင်စီကာလ အခုချိန်မှာတော့ စစ်အုပ်ချုပ်ရေး ‘မာရှယ်လော’နဲ့ အုပ်ချုပ်တဲ့ မြို့နယ်ခြောက်ခုရှိလာပြီး စစ်ခုံရုံးတွေနဲ့ အကျဉ်းရုံးစီရင်မှုတွေ ရှိလာနေပါပြီ။ ဒါပေမဲ့ ကျန်တဲ့ ဒေသတွေမှာ အရပ်ဘက်တရားရုံးတွေနဲ့ ဥပဒေကြောင်းအရ ခုခံရင်ဆိုင်ခွင့်ကို ရုပ်သိမ်းထားတာ မရှိသေးပါဘူး။ ညွှန်ကြားချက်တစုံတရာမရှိတဲ့ တားဆီးကန့်သတ်မှုတွေနဲ့ ကြိုးနီစနစ် ချည်နှောင်မှုတွေက ဥပဒေကြောင်းအရလိုက်ပါဆောင်ရွက်နေတဲ့ ရှေ့နေတွေအပေါ် သက်ရောက်မှုတော့ ရှိနေပါတယ်။ အခြားတဖက်မှာလည်း အာဏာသိမ်း စစ်ကောင်စီက တရားစီရင်ရေးလုပ်ထုံးလုပ်နည်းတွေကို ပြောင်းလဲတာ၊ နိုင်ငံသားတွေရဲ့ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနဲ့ ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေတွေ၊ တချို့သော ပြဋ္ဌာန်းချက်တွေကို ဆိုင်းငံ့ထားတာတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးတွေကို ရုပ်သိမ်းနိုင်ခြင်း မရှိသေးပါဘူး။ ဒါကြောင့် လူ့အခွင့်အရေးအရ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ဖို့ ဖြစ်နိုင်စွမ်းသမျှ ဥပဒေကြောင်းအရ ခုခံ ကာကွယ်ပေးတဲ့ တိုက်ပွဲတွေဟာလည်း အရေးကြီးလာပါတယ်။

**Further Readings**

Francioni, F. 2007. Access to Justice as a Human Right. *Oxford University Press.* Oxford.

United Nations Office of High Commissioner. n.d. *About Human Rights Defender.* UNOHC website. Retrieved March 23, 2021. From URL https://www.ohchr.org/en/issues/srhrdefenders/pages/defender.aspx